## “တပ်မတော်သို့ ၂၀၀၇ ခုနှစ် နှစ်သစ်ကူးသဝဏ်လွှာ”
## (ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော)

၁။ ကျွန်တော်အသက်လည်း ကြီးလှပြီ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပြောသလို အိုလာရင် မစွမ်းတော့တဲ့အခြေအနေပဲ။ ကျွန်တော် အသက်ရှင်နေစဉ်မှာ တပ်မတော်ကို အနူးအညွတ် ပန်ကြားချင်ပါတယ်။

၂။ တပ်မတော်နဲ့ပတ်သက်ပြီး ကျွန်တော့်သဘောထားအမြင်တွေကို (၂၆၊ ၃၊ ၂၀၀၄) မှာ DVB နဲ့ အင်တာဗျူးလုပ်စဉ်က ဖော်ပြခဲ့တာတွေ ရှိပါတယ်။ အဲဒါတွေကတော့ ...

“ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ကျနော်တို့ ရဲဘော်သုံးကျိပ်ဝင်တွေဟာ ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာ၂၆ ရက်နေ့မှာ ဘန်ကောက်မြို့မှာ တည်ထောင်ခဲ့ကြပါတယ်။ ရည်ရွယ်ချက်ကတော့ အင်္ဂလိပ်နယ်ချဲ့ကို တိုက်ထုတ်ပြီး ဗမာ့လွတ်လပ်ရေးကိုအရယူပေးဖို့နဲ့ တိုင်းပြည်သာယာဝပြောအောင် ထူထောင်ပေးဖို့ ဖြစ်ပါတယ်။ တခွန်းထဲ ပြောရရင်တော့ ပြည်သူတွေ ချမ်းသာစေချင်လို့တည်ထောင်ခဲ့တာပါ။

ကျွန်တော်တို့ဟာ လွတ်လပ်ရေးတော့ ရယူပေးနိုင်ခဲ့ပေမယ်လို့ စီးပွားရေးအရတော့ လွတ်လပ်အောင် မလုပ်ဆောင် နိုင်ခဲ့ပါဘူး။ တိုင်းပြည်ကိုလည်း ဒီမိုကရေစီအခြေခံပေါ်မှာ မတည်ဆောက်နိုင်ခဲ့ဘဲ၊ ဗိုလ်ချုပ်အောင်ဆန်းလည်း ကျဆုံး သွားရလို့၊ အမျိုးသားညီညွတ်ရေးလည်း ပြိုကွဲသွားခဲ့ရပါတယ်။ အကျိုးဆက်အားဖြင့် ပြည်တွင်းစစ်ဖြစ်ပေါ်လာရပါတယ်။ ဒါကို အခွင့်ကောင်းယူပြီး ဗိုလ်နေဝင်းအမှူးပြုတဲ့ဆိုရှယ်လစ် တပ်မှူးများကတပ်ကို တလက်ကိုင် ကြေးစားတပ်အဖြစ် ပြောင်းလဲလိုက်ပါတယ်။ ဗိုလ်နေဝင်းဟာ သူအာဏာမြဲရေးအတွက် စစ်အာဏာရှင်စနစ် ထူထောင်လိုက်ပြီး တပ်ကိုလည်း စစ်အာဏာရှင်စနစ်ကာကွယ်ရေးတပ် ဖြစ်စေခဲ့ပါတယ်။

အခုလက်ရှိ နအဖ စစ်တပ်ဟာ တိုင်းပြည်နဲ့ပြည်သူလူထု ဘာဖြစ်နေနေ မိမိတို့အာဏာ လက်မလွှတ်ရရေးဘဲ စဉ်းစားလုပ်ဆောင်နေကြတာ ဖြစ်ပါတယ်။ ပြည်သူတွေအတွက် ဘာမှထည့်သွင်း စဉ်းစားပေးခြင်း မရှိဘဲ စစ်အာဏာရှင် အုပ်စုလေးတစု ကောင်းစားဖို့ပဲ စဉ်းစားလုပ်ဆောင်နေကြပါတယ်။”

တခါ တပ်မတော်သားတွေကို ဘာမှာချင်သလဲမေးလို့ ... “ဗမာ့တပ်မတော်ဟာ မျိုးချစ်ပြည်ချစ် ပြည်သူ့အချစ်တော်ဘဝကနေ ပြည်သူတွေကို နှိပ်စက်၊ သတ်ဖြတ်ဖိနှိပ်တဲ့ ပြည်သူ့ရန်သူ၊ ပြည်သူ့ချဉ်ဖတ် ကြေးစားတပ်ကြီး ဖြစ်သွားရတာကို ကျွန်တော်အလွန်စိတ်မကောင်း ဖြစ်မိသလို တပ်မတော်ထဲက မျိုးချစ်ပြည်ချစ် တပ်မတော်သားများလည်း စိတ်ထိခိုက် ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ယနေ့တပ်မတော်သားများဟာ စစ်အာဏာရှင် စနစ်ကို ကာကွယ်တဲ့ တပ်မတော်ဖြစ်နေရာက အထက်ပါသဘောထားတွေရှိတဲ့ တပ်မတော်ဖြစ်အောင် တနည်းပြောရရင် ဒီမိုကရေစီတပ်မတော် ဖြစ်လာအောင် ပြုပြင်ယူရပါလိမ့်မယ်။ အခုအချိန်ဟာတပ်မတော်ပြုပြင်ရေးအတွက် အချိန်ကောင်းပါ။ ဒီမိုကရေစီလိုလားတဲ့မျိုးချစ်တပ်မှူးတပ်သား အဟောင်း၊ အသစ်အားလုံးနဲ့ လက်တွဲပြီးတပ်မတော်ပြုပြင်ရေး လုပ်ကြရအောင်ပါ။” လို့ တင်ပြခဲ့ပါတယ်။

၁၀၊ ၆၊ ၂၀၀၃ တုန်းက DVB နဲ့ အင်တာဗျူးလုပ်စဉ်ကလည်း ရှေ့အလားအလာနဲ့ပတ်သက်ပြီး ကျွန်တော် အောက်ပါအတိုင်း တွက်ချက်ပြခဲ့ပါတယ်။

“အခုအချိန်ဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးတဲ့ လမ်းဆုံလမ်းခွ ရောက်နေပါပြီ။ တလမ်းကတော့ စစ်တပ်က အာဏာကို လက်ဝါးကြီးအုပ်ထားပြီး ဆက်လက်ဖိနှိပ် သတ်ဖြတ်တဲ့လမ်း၊ ဒီလမ်းကို စစ်တပ်က ဆက်သွားရင် ပြည်သူ့ဆန္ဒကို ဆန့်ကျင်တာဖြစ်လို့ သမိုင်းအမှိုက်ပုံထဲ စွန့်ပစ်ခြင်း ခံရပါလိမ့်မယ်။ ပြည်သူတွေလည်း နစ်နာမှာပါ။ အမျိုးသားညီညွတ်ရေး ပျက်ပြားပြီး နောက်တကျော့ ပြည်တွင်းစစ်ကို ဦးတည်နိုင်တယ်။ နောက်တလမ်းကတော့ စစ်တပ်က နောက်တလှမ်းဆုတ်ပြီး ဓွေ့စပ်ဆွေးနွေးရေးလမ်းကြောင်းလိုက်ပြီး ကုလသမဂ္ဂဆုံးဖြတ်ချက်များနဲ့အညီ လုပ်ဆောင်သွားတဲ့လမ်း၊ ဒါကတော့ ပြည်သူရော စစ်တပ်ရော အားလုံးအတွက် အကျိုးရှိတဲ့လမ်း ဖြစ်ပါတယ်။

ဒီလမ်း (၂) လမ်းကို ရွေးမယ့်၊ အဆုံးအဖြတ်ပေးမယ့် လူဟာ စစ်တပ်ပဲ ဖြစ်တယ်။

ဒါကြောင့် ကျွန်တော်တောင်းဆိုချင်တာက စစ်တပ်ဟာ ပြည်သူ့အကျိုးရှေးရှုတဲ့ ဓွေ့စပ်ဆွေးနွေးရေးလမ်း လိုက်ပြီး အမျိုးသား ညီညွတ်ရေးကို တည်ဆောက်ပါလို့ အနူးအညွတ်ပန်ကြားလိုပါတယ်။ ပြည်သူလူထု အနေနဲ့လည်း စစ်တပ်အနေနဲ့ ဓွေ့စပ်ဆွေးနွေးရေး လမ်းကြောင်းပေါ် ရောက်လာအောင် ဝိုင်းတွန်းဆော်ကြပါ။” လို့ ပြောခဲ့တယ်။

၃။ ကျွန်တော်တို့တပ်မတော်ဟာ အီရတ်တပ်မတော်၊ ချန်ကေရှိတ်ရဲ့တပ်မတော်၊ ဇာဘုရင့်တပ်မတော်တို့နဲ့ယှဉ်ရင် သက်တမ်းနုပါသေးတယ်။ အဲဒီတပ်မတော်တွေ အခု မရှိကြတော့ပါဘူး။ မတိုက်သင့်တဲ့အချိန်၊ မတိုက်သင့်တဲ့

သေနင်္ဂဗျူဟာနဲ့နည်းပရိယာယ်၊ မတိုက်သင့်တဲ့ စစ်ပွဲကို တိုက်ခဲ့ကြတယ်။ ပူပူနွေးနွေး ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်မှာ အီရတ်တပ်မတော် ပျောက်သွားခဲ့ပြီ။

ဒါကြောင့် ကျွန်တော်မှာချင်တာက စူပါပါဝါကို ရန်မလုပ်ပါနဲ့။ စစ်အုပ်စုရဲ့ အာဏာလောဘဇောကြောင့် မတိုက်သင့်တဲ့အချိန် မတိုက်သင့်သေးတဲ့ ရန်သူကို တိုက်မိပါက တပ်မတော် ပျောက်သွားလိမ့်မယ်။

၄။ ကျွန်တော်တို့တိုင်းပြည်၊ ကျွန်တော်တို့တပ်မတော် အခြေအနေဟာ မကောင်းလှဘူး။ စိတ်ဓာတ်ရေးရာအရလည်း ပြိုကွဲနေကြတယ်။

အခု ကပ်စတန်အမှုထမ်းတွေ တအုပ်လုံးကို အမြင်ကတ်တဲ့ပုဒ်မနဲ့ နှစ်ရှည်ထောင်ဒဏ်တွေ ချလိုက်ပြန်ပြီ။ ဝိညာဉ်တွေပါ ထောင်ဆက်ချမယ့်သဘောမို့ တပ်မတော်အပါ ဝန်ထမ်းလောကတခုလုံး စိတ်လက်မအီမသာ ဖြစ်နေကြရတယ်။

ထောက်လှမ်းရေး တအုပ်လုံးလည်း (အလားတူ) ပြုတ်ကုန်ခဲ့ကြပြီ။ နောင် တပ်မတော်တခုလုံး ပြုတ်သွားမှာ ကျွန်တော်စိုးရိမ်ပါတယ်။

နောက်စိုးရိမ်တာက **Road Map** ၇ ချက်ထဲက နံပါတ် ၄ အချက် ဖြစ်တဲ့ ပြည်သူ့ဆန္ဒခံယူပွဲမှာ နအဖ အခြေခံဥပဒေ အတည်ဖြစ်သွားမှာကို ဖြစ်တယ်။ ဗမာပြည်ရဲ့ကံကြမ္မာဟာ အဲဒီအပေါ်မှာ တည်နေတယ်။ ‘နအဖ အခြေခံဥပဒေ’ ပျက်အောင်လုပ်ဖို့ လူထုကြီးမှာသာမက တပ်မတော်ကပါ တာဝန်ယူသင့်တယ်။

၅။ နှစ်သစ်မှာ တပ်မတော်တရပ်လုံး ရွှင်လန်းနိုင်ကြပါစေ။